ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

စာအမှတ် -ပမစ - ၁ / ၂၀၂၃ (၀၃၇)

ရက်စွဲ - ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်

**အကြောင်းအရာ။** **(၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်များအား ပိုးသတ်ဆေးကုမ္ပဏီများ သိရှိလိုက်နာစေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်ကိစ္စ။**

ရည်ညွှန်းချက်။ (၂၉-၁၂-၂၀၂၂)နေ့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်

၁။ (၂၉-၁၂-၂၀၂၂)နေ့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးတွင် အောက်ဖော်ပြပါအချက်များကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်-

(က) စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအဆိပ်ရှိပစ္စည်း ( Active Ingredient ) အမျိုးအစား ( ၁၉ )ခုအောက်ရှိ ကုန်သွယ်မှုအမည် (Trade Name) (၂၈)မျိုးကို စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်အမျိုးအစားဖြင့် မှတ်ပုံတင်ခွင့်ပြုရန်

(ခ) စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအဆိပ်ရှိပစ္စည်း (Active Ingredient) အမျိုးအစား (၂၆)ခုအောက်ရှိ ကုန်သွယ်မှုအမည် (Trade Name) (၃၇) မျိုးကို ယာယီသုံးစွဲခွင့်မှတ်ပုံတင် အမျိုးအစားဖြင့် မှတ်ပုံတင်ခွင့်ပြုရန်

(ဂ) ယာယီသုံးစွဲခွင့် မှတ်ပုံတင် အမျိုးအစားဖြင့် တိုက်ရိုက်ခွင့်ပြုနိုင်သော အဆိပ်ရှိ ပစ္စည်းတူအမျိုးအစား (၅၁)ခုအောက်ရှိ ကုန်သွယ်မှုအမည် (Trade name) (၈၅)ခုအား မှတ်ပုံတင်ခွင့်ပြုရန်

(ဃ) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင် မှ စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်သို့ သက်တမ်းတိုး ပိုးသတ်ဆေး (၁)မျိုးကို သက်တမ်းတိုးခွင့်ပြုရန်

(င) ယာယီသုံးစွဲခွင့်မှတ်ပုံတင်မှ အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင် အမျိုးအစားသို့ တိုးမြှင့်လျှောက်ထားလာသော အဆိပ်ရှိပစ္စည်း (Active Ingredient) အမျိုးအစား (၇၄) ခုအောက်ရှိ ကုန်သွယ်မှုအမည် (Trade Name) (၁၀၃)မျိုးကို အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားဖြင့် ခွင့်ပြုရန်

(စ) အပြည့်အဝသုံးစွဲခွင့် မှ အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်အမျိုးအစားသို့ သက်တမ်းတိုးလျှောက်ထားလာသော ပိုးသတ်ဆေးအဆိပ်ရှိပစ္စည်း (Active Ingredient) အမျိုးအစား (၃)ခု

အောက်ရှိ ကုန်သွယ်မှုအမည် (Trade Name) (၃)မျိုးကို အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင် အမျိုးအစားဖြင့် ခွင့်ပြုရန်

(ဆ) အရည်အသွေး မပြည့်မီသော ပိုးသတ်ဆေး ( ၆ ) မျိုးအား မှတ်ပုံတင် ခွင့်မပြုရန်

(ဇ) အဆိပ်ရှိပစ္စည်း (၂)မျိုးနှင့် အထက် ပိုမိုပါဝင်သော ပိုးသတ်ဆေးများအား မှတ်ပုံတင်လျှောက် ထားခြင်းနှင့်ပတ်သက်၍ -

၁။ မှတ်ပုံတင်အသစ်အနေနှင့် ထပ်မံလျှောက်ထားလာသော Product များအတွက် ခိုင်မာသည့် အထောက်အထားများအနေဖြင့် အောက်ဖော် ပြပါအတိုင်း သတ်မှတ်ပေးရန်

(က) လူသားများအပေါ် အဆိပ်သင့်နိုင်မှုအား စမ်းသပ် ဆောင်ရွက်ထားသော အထောက်အထား (Research Paper for Human Toxicity of 3 AI Combination Products)

(ခ) Reference Label

(ဂ) ယင်း အဆိပ်ရှိပစ္စည်း(၃)မျိုးအရော၏ အာနိသင်ထိရောက်မှု စပ်းသပ်ဆောင်ရွက်ထားသော အထောက်အထား ( Research Paper for Efficacy Test of 3 AI Combination Products)

(ဃ) Reference နိုင်ငံအနေဖြင့် Manufacturer နိုင်ငံအပါအဝင် အခြား( ၂ )နိုင်ငံမှ Reference အထောက်အထားများကို တင်ပြ လျှောက်ထားရန်

(င) ရှေးဦးသူနာပြုစုနည်းအသေးစိတ် (Detail Data of First Aid)

၂။ မှတ်ပုံတင်လျှောက်ထားပြီး Completed ဖြစ်နေသော Product များ ကို မှတ်ပုံတင် ခွင့်ပြုရန်

(ဈ) ဘေးအန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများတင်ပြခြင်းကိစ္စနှင့် ပတ်သက်၍-

- **Atrazine ၏ လူ့ကျန်းမာရေးအပေါ် အဆိပ်သင့်စေမှုနှင့် ပတ်ဝန်းကျင်အပေါ် အန္တရာယ်ဖြစ်စေသော အချက်အလက် အသေးစိတ် (it is one of the common contaminant in ground , surface water, drinking water and significant health concerned prostate cancer in men and breast cancer in women)** အား Precaution အနေဖြင့် အညွှန်းစာပေါ်တွင် သိသာထင်ရှားစွာ ဖော်ပြစေပြီးမှ ဆက်လက် မှတ်ပုံတင်ခွင့်ပြု၍ သုံးစွဲခွင့်ပြုရန်။
- Metolachlor ပေါင်းသတ်ဆေးနှင့် Iprodione မှိုသတ်ဆေးတို့အား မှတ်ပုံတင်ခွင့်ပြုပြီး Product များကိုမူ စောင့်ကြည့်သည့်စာရင်း (Watch Lists) တွင် ထည့်သွင်းပြီး မှတ်ပုံတင်အသစ်အဖြစ် ဆက် လက် ခွင့်မပြုရန်၊
- မှတ်ပုံတင်လျှောက်ထားပြီး Completed ဖြစ်နေသော **Metolachlor** ပေါင်းသတ်ဆေးနှင့် **Iprodione** မှိုသတ်ဆေးများကို မှတ်ပုံတင်ခွင့်ပြုရန်။
- မှတ်ပုံတင် လျှောက်ထားဆဲ **Metolachlor** ပေါင်းသတ်ဆေးနှင့် **Iprodione** မှိုသတ်ဆေး များကိုမူ မှတ်ပုံတင်ခြင်း ခွင့်မပြုရန်။

(ည) Chlorantraniliprole အဆိပ်ရှိပစ္စည်း Single Product အား မှတ်ပုံတင် လျှောက်ထားရာတွင် အောက်ဖော်ပြပါအထောက်အထားများ တင်ပြစေပြီးမှ ခွင့်ပြုရန်ဆုံးဖြတ်ကြပါသည်။

(၁) သက်ဆိုင်သည့် နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများထံမှ တရား ဝင်ခွင့်ပြုထားသော Chlorantraniliprole ထုတ်လုပ်သည့် Certificate Of Manufacture ၊

(၂) ရောင်းချခွင့်ပြုထားသည့် Certificate Of Free Sale ၊

(၃) Registration Certificate From The Country Of Origin

(ဋ) ကန့်သတ်ပိုးသတ်ဆေးဖြစ်သည့် Paraquat ပေါင်းသတ်ဆေးအား တင် သွင်းခွင့်ပြုရန် တင်ပြခြင်းကိစ္စနှင့် ပတ်သက်၍ -

၁။ **နှစ်အလိုက်** ပမာဏတစ်ခု**အနေဖြင့် သတ်မှတ်၍ လျှော့ချရန်**

(က) ၂၀၂၃ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ အတွက် တစ်နှစ်ပျမ်းမျှ တင်သွင်းခွင့်ပြုခဲ့သည့် ပမာဏ၏ ၂၅ % လျှော့ချရန်

(ခ) ၂၀၂၄ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ အတွက် တစ်နှစ်ပျမ်းမျှ တင်သွင်းခွင့်ပြုခဲ့သည့် ပမာဏ၏ ၅၀ % လျှော့ချရန်

(ဂ) ၂၀၂၅ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ အတွက် တစ်နှစ်ပျမ်းမျှ တင်သွင်းခွင့်ပြုခဲ့သည့် ပမာဏ၏ ၇၅ % လျှော့ချရန်

(ဃ) ၂၀၂၆ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိအတွက် တစ်နှစ်ပျမ်းမျှ တင်သွင်းခွင့်ပြုခဲ့သည့် ပမာဏ၏ ၁၀၀ % လျှော့ချရန် ဆုံးဖြတ်ပါသည်။

၂။ Restricted အဖြစ် သတ်မှတ်ပြီးနောက် လျှောက်ထားလာသော Paraquat ပေါင်းသတ်ဆေး (၃၀၀) မက်ထရစ်တန်အား ၂၀၂၃ ခုနှစ် အတွင်း၌ ခွင့်ပြုရန် ဆုံးဖြတ်ပါသည်။

၂။ သို့ပါ၍ (၃၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအား ပိုးသတ်ဆေးကုမ္ပဏီများသို့ သိရှိလိုက်နာစေရေးအတွက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး

ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)
ညွှန်ကြားရေးမှူး(သီးနှံကာကွယ်ရေးဌာနခွဲ)
မိတ္တူကို-

- ဥက္ကဋ္ဌ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
- ရုံးလက်ခံ၊ မျှောစာတွဲ